## ပူးပေါင်းဆောင်ရွက်ခြင်း

နိုင်ငံတော်အစိုးရသည် COVID-19 ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် COVID-19 Economic Relief Plan အား ပန်းတိုင် (၇)ရပ် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ ပန်းတိုင် (၇) ရပ်မှ ပန်းတိုင်-၂ ဖြစ်သည့် "ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိက ကဏ္ဍများအပေါ် အကျိုးသက်ရောက်မှုများကို ဖြေလျှော့ပေးခြင်းကဏ္ဍ" ၏ မဟာဗျူဟာတစ်ရပ်ဖြစ်သော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ ဖြေလျှော့ပေးခြင်းများတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

## အကျိုးသက်ရောက်သည့်လုပ်ငန်းများ

COVID-19 Economic Relief Plan သည် အောက်ပါ စီးပွားရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်ပါသည်-

- ❖ CMP လုပ်ငန်းများ၊
- ❖ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊
- ❖ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ။







## အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးခြင်း

➢ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့်ပတ်သက်၍ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန်ပေးဆောင်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးခြင်း-

- ❖ အခွန်ပေးဆောင်ရမည့်ရက်အား ၃၀- ၉ - ၂၀၂၀ ရက်နေ့အထိ တိုးမြှင့်ပေးခြင်း( စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်၊ ၁/၂၀၂၀)၊
- ❖ အခွန်ပေးဆောင်ရမည့်ရက်အား ၃၁- ၁၂- ၂၀၂၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်ပေးခြင်း ( စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၇- ၉- ၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်၊ ၃/၂၀၂၀)။

➢ ပြည်ပပို့ကုန်အပေါ် ကြိုတင်ဝင်ငွေခွန် ၂ % ကောက်ခံခြင်းအား ဖြေလျှော့ပေးခြင်း-

- ❖ ၃၀- ၉ - ၂၀၂၀ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုခြင်း (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၄- ၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၂၀)၊
- ❖ ၃၁- ၁၂-၂၀၂၀ ရက်နေ့အထိ ထပ်မံ၍ ကင်းလွတ်ခွင့် ပြုခြင်း (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၃/ ၂၀၂၀) ။

## အခွန်ဆိုင်ရာ ခုနှိမ်ခွင့်များပေးခြင်းနှင့် အသုံးစရိတ်များ တိုးမြှင့်ခွင့်ပြုခြင်း

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် COVID-19 Economic Relief Plan အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၁၇- ၆- ၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/ ၂၀၂၀ ဖြင့် အောက်ပါ ကိစ္စရပ်များအား ခွင့်ပြုပေးခဲ့ပါသည်-

➢ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ % ခွင့်ပြုခြင်း၊

➢ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် အသုံးစရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့် ၁၂၅ % ခွင့်ပြုခြင်း၊

➢ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မ - တည်အပိုင်ပစ္စည်း ( Capital Equipments) များတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ % ခွင့်ပြုခြင်း ၊

➢ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မ - တည်အပိုင်ပစ္စည်း ( Capital Equipments) များတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် တန်ဖိုးလျော့စရိတ်ကို တိုးမြှင့်နုတ်ပယ်ခွင့် ၁၂၅ % ခွင့်ပြုခြင်း။

## ပြည်တွင်းအခွန်များဦးစီးဌာန၏ ထပ်မံဖြေလျှော့ပေးမှုများ

COVID-19 Economic Relief Plan တွင် ပါဝင်ခြင်း မရှိသော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း အထူးဖြေလျှော့သောအားဖြင့် လစဉ် ပေးဆောင်ရမည့် လစာဝင်ငွေခွန်များအား သုံးလတစ်ကြိမ် ပေးသွင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါက ဆောင်ရွက်ပေးနိုင်စေရေးအတွက် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ ထိုသို့ တင်ပြလျှောက်ထားလာမှုများအပေါ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဈ) အရ ဒဏ်ကြေးငွေ တပ်ရိုက်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

## ပြည်တွင်းအခွန်များဦးစီးဌာန၏ အထူးဖြေလျှော့ပေးမှုများ

အခွန်ထမ်းများအနေဖြင့် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ သက်သာသောအခွန်နှုန်းများကို ခံစားနိုင်စေရန်အတွက် ၃၀-၉-၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ ဝင်ငွေကြေညာလွှာ ပတခ(ဝင)-၁ တင်သွင်းပြီးလက်ခံဖြတ်ပိုင်းရရှိပါကငွေသွင်းချလန်အား လူကိုယ်တိုင် စောင့်ဆိုင်းစရာ မလိုတော့ပါ။ ၃၀-၁၂-၂၀၂၀ ရက်နေ့အထိ စိစစ်မှုများ ဆောင်ရွက်၍ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အခြားအီလက်ထရောနစ် နည်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်၍ ငွေသွင်းချလန်များ ထုတ်ပေးသွားမည် ဖြစ်ပါသည်။ သက်ဆိုင်ရာအခွန်ရုံးမှ အခွန်ငွေတောင်းခံလွှာနှင့်အတူ ပတခ (ဝင) -၁ ပေးပို့လာပါက ၃၀-၁၂-၂၀၂၀ ရက်နေ့အထိ ကာလအတွင်း အခွန်ပေးသွင်းနိုင်ပါသည်။ (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၂-၉-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်၊ ၄/ ၂၀၂၀ နှင့် ၅/ ၂၀၂၀ တို့အရ)

## ပြည်တွင်းအခွန်များဦးစီးဌာန၏ ဆောင်ရွက်ထားရှိမှုများ

- SAS စနစ်သို့ ကူးပြောင်းသည့် အခွန်ရုံးများတွင် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ဆုံးအပတ်မှစ၍ အခွန်ထမ်း မှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာပုံစံများအား e-mail ဖြင့် လက်ခံပေးခြင်း၊
- SAS ရုံးများတွင် သုံးလပတ်ကြေညာလွှာ တင်သွင်းသည့် ကိစ္စများအား အခွန်ရုံးသို့ လူကိုယ်တိုင် လာရောက်တင်သွင်းရန် မလိုဘဲ e-mail ဖြင့် လက်ခံဆောင်ရွက်ပေးခြင်း၊
- Mobile Banking စနစ်အား ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် CB Pay တစ်မျိုးတည်းသာ အသုံးပြုနိုင်သော်လည်း ၂၀၂၀ ပြည့်နှစ်၊ မေလတွင် AYA Pay အားလည်းကောင်း၊ ဇွန်လတွင် Sai Sai Pay၊ KBZ Pay များအားလည်းကောင်း အသုံးပြု၍ အခွန်ပေးဆောင်နိုင်ခြင်း)၊
- သက်ဆိုင်ရာအခွန်ရုံးများတွင် လက်ဆေးကန်နှင့် လက်ဆေးဆပ်ပြာများ စီစဉ်ပေးထားပြီး အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏သတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်များကို ဥပဒေနှင့်အညီ ပေးဆောင်ကြပါသော အခွန်ထမ်းများနှင့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြသော လုပ်ငန်းရှင်များအား အထူးကျေးဇူးတင်ရှိပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း -၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

**COVID-19 ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဆောင်ရွက်ထားရှိမှုဆိုင်ရာ သိကောင်းစရာများ**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**